**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
Website: www.cnfhqr.org Email: cnf.headquarters@gmail.com

## ၂၀၂၃ ခုနှစ် နှစ်သစ်အခါသမယတွင်
## ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ Pu Zing Cung မှ ပေးပို့သော
## နှစ်သစ်သဝဏ်လွှာ

၂၀၂၃ ခုနှစ် နှစ်သစ်အခါသမယမှာ ချင်းလဲန်ပြည်သူများအားလုံး ကိုယ်စိတ်နှဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် နှစ်သစ်က ဆောင်ကျဉ်းပေးသည့် ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ အောင်မြင်ခြင်း၊ မျှော်လင့်ခြင်းများနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

နှစ်ဟောင်းကာလတွင် အကြမ်းဖက်စစ်တပ်မှ လက်နက်အားကိုးပြီး မိမိတို့ ချင်းလဲန်အတွင်း ကြီးမားသော စစ်ဆင်ရေးများ ဆင်နွှဲနေခြင်းကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါသည်။ ဘာသာရေးအဆောက်အအုံများနှင့် အိုးအိမ်ပေါင်းများစွာ မီးရှို့ဖျက်ဆီးခံခဲ့ရပါသည်။ လူပေါင်းမြောက်မြားစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြပြီး နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပါသည်။ ထိုသို့ ကြီးမားသည့် စစ်ဆင်ရေးများရှိခဲ့သော်လည်း ချင်းအမျိုးသားတို့၏ ခုခံစစ်ပွဲသည် အရှိန်အဟုန်နှင့် ဆင်နွှဲလျက်ရှိနေပါသည်။ အကြမ်းဖက်စစ်တပ်ကို ရာချီပြီး သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်။ ချင်းလဲန်အတွင်း အကြမ်းဖက်စစ်တပ်၏ အုပ်ချုပ်ရေး မလည်ပတ်နိုင်အောင် ဟန့်တားနိုင်ခဲ့သည်။ ချင်းလဲန်နယ်မြေအများစုကို ချင်းပြည်သူများက စိုးမိုးအုပ်ချုပ်နိုင်ခဲ့သည်။ မြေပြင်လမ်းမကြီးများကို ထိန်းချုပ်နိုင်ခဲ့သည်။ အာဏာဖီဆန်ရေးလုပ်ငန်းများ (CDM) ကို ထိရောက်စွာ ဆင်နွှဲလျက်ရှိပါသည်။ လူထုတိုက်ပွဲနှင့် လက်နက်ကိုင်ခုခံတိုက်ပွဲများကို ပေါင်းစပ်ပြီး ပြည်သူ့တော်လှန်ရေးကို တမျိုးသားလုံးဆင်နွှဲနေပြီ ဖြစ်သည်။ ဤသို့ လှုပ်ရှားမှုများသည် အောင်ပွဲဆီသို့ တဆင့်ချင်း တက်လှမ်းနေသည့် လှုပ်ရှားတိုက်ပွဲဝင်မှုများ ဖြစ်ပါသည်။ ထို့အတွက် ချင်းလဲန်ပြည်သူများ၏ ခွဲ၊ လုံ့လ၊ ဝီရိယနှင့် သတ္တိတို့ကို ချီးကျူးဂုဏ်ပြုပါသည်။ နှစ်ဟောင်းကာလအတွင်း အမျိုးသားရေးလှုပ်ရှားမှုအတွက် ဝိုင်းဝန်းပါဝင်ကူညီပေးကြသည့် အယောက်စီတိုင်းအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဤနှစ်သစ်တွင် ရရှိထားပြီးဖြစ်သည့် အောင်မြင်မှုများကို ထိန်းသိမ်းရင်း ပိုမိုကောင်းမွန်သည့် အခြေအနေများကို ဖန်တီးကာ ၂၀၂၃ ခုနှစ်မှာ သမိုင်းစာမျက်နှာသစ်ကို ရေးကြရမည် ဖြစ်သည်။ လွန်ခဲ့သည့် ၇၅ ခုနှစ်က ပြည်ထောင်များ စုပေါင်းချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ခြင်းနှင့် အကြမ်းဖက်စစ်တပ်က နိုင်ငံတော်အာဏာသိမ်းရန် ကြိုးပမ်းခြင်းသည် ချင်းလဲန်ကို ချင်းလူမျိုးများကိုယ်တိုင် ပြန်လည်အုပ်ချုပ်ဖို့ ဖိအားပေးခြင်း ဖြစ်သည်။ သို့ဖြစ်၍ ယနေ့ ဆင်နွှဲနေသည့် စစ်ပွဲသည် "မိမိတို့ ပိုင်နက်နယ်မြေဖြစ်သည့် ချင်းလဲန်ကို ကျူးကျော်လာသည့်

Chin National Front – General Headquarters, Chinland

အကြမ်းဖက်စစ်တပ်ကို ခုခံတွန်းလှန်သည့် စစ်ပွဲ၊" တနည်းပြောရလျှင် "အမျိုးသားလွတ်မြောက်ရေး စစ်ပွဲ" ဆင်နွှဲနေခြင်း ဖြစ်သည်။ ချင်းအမျိုးသားတိုင်း ကဏ္ဍပေါင်းစုံမှ ပါဝင်ကြရမည် ဖြစ်သည်။ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဆီ မရောက်မချင်း တက်ညီလက်ညီ ချီတက်သွားကြရမည် ဖြစ်သည်။ ဤစစ်ပွဲသည် အာဏာရှင်များနှင့် ပြည်သူလူထုအကြား ဖြစ်ပွားသည့် စစ်ပွဲ၊ တရားမှုနှင့် မတရားမှုအကြား ဖြစ်ပွားသည့် စစ်ပွဲ၊ ဓမ္မနှင့် အဓမ္မအကြား ဖြစ်ပွားသည့် စစ်ပွဲ ဖြစ်သည့်အတွက် အောင်ပွဲသည် မိမိတို့ လက်တကမ်းမှာ ရှိနေပြီ ဖြစ်သည်။ အားသွန်ခွန်စိုက် အတူတကွ တိုက်ပွဲဝင်ကြဖို့ တိုက်တွန်းလိုပါသည်။

၂၀၂၃ ခုနှစ်တွင် မိမိတို့ ရင်ဆိုင်ရမည့် စိန်ခေါ်မှုတခုမှာ အကြမ်းဖက်စစ်တပ်က ကျင်းပရန် စီစဉ်နေသည့် ရွေးကောက်ပွဲ ဖြစ်သည်။ ဤ ရွေးကောက်ပွဲသည် စစ်အာဏာရှင် သက်ဆိုးရှည်ရေး၊ ၎င်းတို့ ရင်ဆိုင်နေရသည့် စစ်ရေး၊ နိုင်ငံရေး အကြပ်အတည်းများကို လျှော့ချနိုင်ရေးအတွက် စီစဉ်လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ပြည်သူလူထုတရပ်လုံးက ပြတ်ပြတ်သားသား ဆန့်ကျင်ကြရမည် ဖြစ်သည်။ နိုင်ငံရေးပါတီများကလည်း ရွေးကောက်ပွဲတွင် ပါဝင်ခြင်းသည် စစ်အာဏာရှင်စနစ် အခြေခိုင်တည်မြဲရေးအတွက် ဖြစ်သည်ဆိုသည်ကို သတိပြုလျက် ရွေးကောက်ပွဲကို ရှောင်ရှားကြရမည် ဖြစ်သည်။ မိမိတို့ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အကြမ်းဖက်စစ်တပ်၏ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ပါသည်။

၂၀၂၃ ခုနှစ်တွင် ပိုမိုခိုင်မြဲအောင် တည်ဆောက်ရမည့် အရေးကြီးသည့်အချက်မှာ "**ချင်းအမျိုးသားတည်ဆောက်ရေး**" ဖြစ်သည်။ လူမျိုးတမျိုး အင်အားတောင့်တင်းခိုင်မာလာရေးအတွက် အဓိကအချက်မှာ စည်းလုံးညီညွတ်ရေး ဖြစ်သည်။ စည်းလုံးခြင်းဆိုသည်မှာ အလိုအလျောက် ဖြစ်တည်လာသည် မဟုတ်။ တည်ဆောက်ယူရပါသည်။ ဤအချိန်ကာလသည် အကြမ်းဖက်စစ်အာဏာရှင်များကို အမြစ်ပြတ် ချေမှုန်းနေကြသည့်အချိန်ဖြစ်သည့်အတွက် ပိုမိုစည်းလုံးညီညွတ်ဖို့ လိုအပ်ပါသည်။ ဆွေမျိုးစု၊ မျိုးနွယ်စုအရေးကို ရှေ့တန်းမတင်ဘဲ **မိမိတို့သည် ချင်းအမျိုးသားဖြစ်သည် ဟူသည့် "အမျိုးသားရေးစိတ်ဓာတ်**"ကို ရှေ့တန်းတင်ကာ ညီညီညွတ်ညွတ် လုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါသည်။

**ချင်းလဲန်ကို ကာကွယ်ရန်အတွက် ချင်းလူမျိုးတိုင်းတွင် တာဝန်ရှိ**သည့်အလျောက် မိမိတို့ ပခုံးပေါ် ကျရောက်လာသည့် အမျိုးသားရေးတာဝန်ကို ကျေကျေပွန်ပွန်ထမ်းရွက်ဖို့ လိုအပ်သည်။ ဤအချိန်သည် အမိမြေချင်းလဲန်ကို မိမိတို့လက်ဝယ် ပြန်လည်ပိုင်ဆိုင်နိုင်ရေးအတွက် ချင်းအမျိုးသားများကိုယ်တိုင် တော်လှန်တိုက်ပွဲဝင်ရမည့်အချိန် ဖြစ်သည်။ ဤအချိန်သည် မိမိတို့ ရှာဖွေခဲ့သည့် ငွေကြေး၊ ဓနဥစ္စာဖြင့် တော်လှန်ရေးကို ပံ့ပိုးကြရမည့်အချိန် ဖြစ်သည်။ ဤအချိန်သည် မိမိတို့ တတ်မြောက်သင်ကြားထားသည့် ပညာဖြင့် တော်လှန်ရေးကို အကျိုးပြုရမည့်အချိန် ဖြစ်သည်။ ဤအချိန်သည် ဘုရားသခင် မိမိတို့နှင့် အစဉ်အမြဲအတူရှိရေးအတွက် နေ့ညမပြတ် ဆုတောင်းဆပ်ကပ်ကြရမည့် အချိန် ဖြစ်သည်။ ဤအချိန်သည် တန်ဖိုးကြီးမားလှသည့်အတွက် နေ့စဉ်နေ့တိုင်း သတိဝီရိယဖြင့် မိမိကိုယ်မိမိ "ဘာလုပ်ဖို့ လိုအပ်သလဲ" ဟု အမြဲ မေးမြန်းနေရမည့်အချိန် ဖြစ်သည်။ မိမိတို့၏ လုပ်ဆောင်မှုအတိုင်း ရိတ်သိမ်းရမည်ဖြစ်သည့်အတွက် တစ်နေ့မှာ သမိုင်း၏ အဆုံးအဖြတ်ကို ခံယူကြရမည် ဖြစ်သည်။ ချင်းအမျိုးသားခုခံစစ်ပွဲတွင် ယခင်နှစ်ကဲ့သို့ တစ်မျိုးသားလုံး တစ်ထောင့်တစ်ကဏ္ဍမှ ပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါသည်။

နိဂုံးချုပ်အနေဖြင့် ချင်းအမျိုးသားတပ်ဦးသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ ချင်းလဲန်ကာကွယ်ရေးတပ်ဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ စစ်အာဏာရှင်ဖြုတ်ချရေးအတွက် တိုက်ပွဲဝင်နေသူများ၊ နိုင်ငံတကာအသိုက်အဝန်းများအားလုံးနှင့်အတူ လက်ချင်းယှက်လျက် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်သည်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကတိပြုရင်း နှစ်သစ်သဝဏ်လွှာအား ပေးပို့အပ်ပါသည်။ ကျေးဇူးတင်ပါသည်။

ဝိတိုရိယစခန်း၊ ချင်းလဲန်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်